၂၀၂၀ ပြည့်နှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စိတ်ကြိုက်မြန်မာစာ** ခွင့်ပြုချိန်(၃)နာရီ

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) မောင်တာစီဝတ္ထုတိုမှ မောင်တာစီ၏ ရိုးသား၊ကြိုးစား၊သည့် စိတ်ဓာတ်ကို ဝေဖန်သုံးသပ်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

သာခု၏ ဦးချမ်းသာဝတ္ထုတိုမှ ဦးချမ်းသာ၏စရိုက်ကို သရုပ်ဖော်တင်ပြပါ။

(ခ) အာဇာနည်မိခင်ပြဇာတ်၏ ကာလဒေသနောက်ခံကို ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်မှ လူ့သဘာဝအဖွဲ့များကို တင်ပြပါ။

၂။ (က) အောက်ပါတို့မှ **နှစ်ခု** ကို သံဝရပျို့အရရှင်းပြပါ။ (၁၀မှတ်)

(၁) တိမ်ကြားမိုးလယ်၊ လျှပ်နွယ်တပြက်၊ ပြိုးတပွက်မျှ၊ ဈာန်မဂ်ရမည်၊ ရိပ်ခြည်မထင်။

(၂) သက်နံ့စုပုံ၊ ခြေတော်စုံကို၊ ပိုက်ပြုဖက်ယမ်း၊ ပန်းနွယ်နမ်းလျက်။

(၃) မကျင်မလျှင်၊ ကျွမ်းမဝင်သည်၊ သမင်ရိုင်းအား၊ မြက်ချိုပြားသို့။

(၄) ပေးဖွယ်ပေးရာ၊ ပေးကမ်းပါက၊ ရှောင်ခွာမတတ်၊ ဆည်းကပ်ညွတ်သည်။

(ခ) ဥယျာဉ်တောင်းရန် ဆရာအမတ်အကြံပေးခန်းမှ မှတ်သားလိုက်နာဖွယ်များကို ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

သံဝရပျို့မှ သံဝရမင်းသား၏ ထူးခြားသောစွမ်းရည်များကို ဆွေးနွေးတင်ပြပါ။

၃။ (က) အောက်ပါတို့မှ **နှစ်ခု** အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ သုံးထောင့်အိုင်နှင့်ရာပြည့်အိုင်။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကို ဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့်ရှင်းပြပါ။ (၁၅မှတ်)

အသားရယ်ဖြူ၊ လူပေမို့လား၊ အသားတော်ညိုပြာညက်ကယ်၊ နန်းတော်ထက်ဖွား။

|စာမျက်နှာသို့

၄။ (က) အောက်ပါတို့မှ <u>ငါးခု</u> ကို ဖြေပါ။ (၁၀မှတ်)

(၁) ငါးရှာငါးဆယ်ဝတ္ထုစကားပြေကို မည်သူရေးခဲ့သနည်း။

(၂) ညောင်ကန်ဆရာတော်ပြုစုခဲ့သော ဗုဒ္ဓဝင်ကျမ်းအမည်ကို ဖော်ပြပါ။

(၃) ကုန်းဘောင်ခေတ်တွင် မော်ကွန်းကဗျာအရေးအတွက် အများဆုံးရေးခဲ့သော စာဆို၏ အမည်ကိုဖော်ပြပါ။

(၄) ၁၉၀၄ ခုနှစ်က ပေါ်ထွက်ခဲ့သော ပထမမြန်မာကာလပေါ်ဝတ္ထု၏ အမည်ကိုဖော်ပြပါ။

(၅) ကျေးလက်ရိုးရာတေး တစ်မျိုး၏အမည်ကိုဖော်ပြပါ။

(၆) သာဆန်းရဂုံဗွေ ပတ်ပျိုးကို မည်သူရေးဖွဲ့ခဲ့သနည်း။

(၇) ဆရာဝန်ပါပဲ ပြဇာတ်ကို မြန်မာမှုပြုခဲ့သူမှာ မည်သူနည်း။

(၈) ရကန်များတွင် အကောင်းဆုံးရကန်ကို ဖော်ပြပါ။

(ခ) ကုန်းဘောင်ခေတ် ကဗျာများအကြောင်းကို ဗဟုသုတရဖွယ်ဖြေပါ။ (၁၅မှတ်)

(သို့မဟုတ်)

ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သည့် စကားပြေကျမ်းများကို ဆွေးနွေးပါ။

---